ကိုရင်ပဏ္ဍိတလည်း ထိုအချိန်မှာ သောတာပန် သကဒါဂါမ် အနာဂါမ်တိုင်အောင် ဖြစ်ပြီး၍ ရဟန္တာဖြစ်အောင် ကြိုးစား နေခိုက် ဖြစ်လေသည်။

**ရဟန္တာဖြစ်ခြင်း။** ။ထို့ကြောင့် ဘုရားရှင်သည် အရှင်သာရိပုတြာ မကြွသာအောင် အချိန်ဆွဲထားတော်မူလို၍ ပြဿနာ ၄-ရပ်ကို မေးတော်မူလေသည်၊ အရှင်သာရိပုတြာလည်း (ဘုရားနှင့် စပ်လာလျှင် အောင်မြင်မည်သာဟု ယုံကြည်ရင်းစွဲရှိသောကြောင့်) ဘုရားမေးအပ်သော ပြဿနာ ၄-ရပ်ကို ဖြည်းဖြည်းပင် ဖြေဆိုတော်မူလေ၏၊ ထိုပြဿနာကို ဖြေဆို၍ ပြီးချိန်မှာပင် ကိုရင်ကလေးလည်း ရဟန္တာ ဖြစ်လေသည်၊ [ထုံးစံအတိုင်းဆိုလျှင် ထိုအချိန်မှာ မွန်းလွဲလောက်ပြီ၊ သို့သော် နေနတ်သားနှင့် လနတ်သားတို့က နေဗိမာန်နှင့် လဗိမာန်ကို တားထားသောကြောင့် မွန်းမလွဲသေး။]

**ဆွမ်းကျွေးခြင်း။** ။အရှင် သာရိပုတြာလည်း ဘုရားထံမှ သွားခွင့်ရ၍ ကျောင်းသို့ သွားပြီးလျှင် ကျောင်းတံခါးကို ခေါက်လိုက်ရာ ပွင့်သစ်စ ပဒုမ္မာကြာပန်း အသွင် အလွန်ကြည်လင်စွာ ထွက်လာသော ၇-နှစ်အရွယ် ရဟန္တာ သာမဏေငယ်ကို မြင်ရ၍ ရွှင်ပျသော မိဘသဘွယ် သာမဏေကို ယုယစွာ ဆွမ်းကျွေးတော်မူသည်၊ [ကိုရင် ကလေး ဆွမ်းစားပြီးလျှင် ပြီးခြင်း လနေတို့ကို ဆိုင်ရာ နတ်သားတို့က လွှတ်လိုက်သောအခါ အတော်မွန်းလွဲသောအချိန်သို့ ရောက်ပြီးဖြစ်လေသည်။]